ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့ (22-6-2011) (၆၇၉၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယသမ္မတ သီဟသူရ ဦး တင် အောင် မြင့် ဦး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ အကြား အိန္ဒိယ-မြန်မာ စက်မှုသင်တန်းကျောင်း (မြင်းခြံ) ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်းအရ တည်ဆောက်ခဲ့သည့် တန်(၅၀၀)ဆံ့ Food Security Shelter ဆိုင်ရာ စာရွက်စာတမ်း လွှဲပြောင်းပေးအပ်ခြင်း၊ တာလေမြေငလျင်ဘေးအတွက် ငွေလှူဒါန်းခြင်းနှင့် အိန္ဒိယ-မြန်မာ စက်မှုသင်တန်းကျောင်း (မြင်းခြံ) ထူထောင်ရေးဆိုင်ရာ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့ ညနေ ၆ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ကျင်းပသည့် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်းအရ တည်ဆောက်ခဲ့သည့် တန်(၅၀၀) ဆံ့ Food Security Shelter ဆိုင်ရာ စာရွက်စာတမ်း လွှဲပြောင်းပေးအပ်ခြင်း၊ တာလေမြေငလျင်ဘေးအတွက် ငွေလှူဒါန်းခြင်းနှင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr.Villur Sundararajan Seshadri နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လွှဲပြောင်းပေးအပ်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အိန္ဒိယ-မြန်မာချစ်ကြည်ရေး စီမံကိန်းအရ တည်ဆောက်ခဲ့သည့် တန် (၅၀၀) ဆံ့ Food Security Shelter ဆိုင်ရာ စာရွက်စာတမ်းများကို အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးက တာလေမြေငလျင်ဘေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က လက်ခံရယူသည်။

အပြန်အလှန်လဲလှယ်

ယင်းနောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ ရှေ့မှောက်၌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr. S.M Krishna တို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား အိန္ဒိယ-မြန်မာ စက်မှုသင်တန်းကျောင်း (မြင်းခြံ) ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MOU Between the Government of the Republic of the Union of Myanmar and the Government of the Republic of India on Setting Up of Indo-Myanmar Industrial Training Center at Myingyan,Myanmar) ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

၂၂-၆-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေါင်းစည်းလယ်ယာလုပ်ငန်းများ ထူထောင်အားပေး

နိုင်ငံတော်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး အလေးထား အကောင်အထည်ဖော်လျက်ရှိသည်။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် ပြည်ထောင်စုအဆင့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီအသီးသီးကို ဖွဲ့စည်းပြီးဖြစ်သည်။ ကော်မတီအသီးသီးအနေဖြင့် လုပ်သင့်သည့်လုပ်ငန်းများ၊ လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် လုပ်နိုင်သည့်လုပ်ငန်းများကို မြို့နယ်အလိုက် ကျေးရွာများ အရောက် ထိရောက်အောင်မြင်စွာ ဆောင်ရွက်ကြမည် ဖြစ်သည်။

အထူးသဖြင့် လယ်ယာထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းနှင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးရေး၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ကြမည် ဖြစ်သည်။

ဘက်စုံလေ့လာမှု စစ်တမ်းများအရ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုသည် ၃၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းသို့ ကျဆင်းလျက်ရှိသည်။ ကုလသမဂ္ဂ ထောင်စုနှစ် ပန်းတိုင်ရည်မှန်းချက်အရ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဆင်းရဲနွမ်းပါးမှုကို ထက်ဝက်လျှော့ချရမည်ဖြစ်ရာ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှု ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေး ကြိုးပမ်းကြရပေမည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်မှုလုပ်ငန်းများ အကောင်အထည်ဖော်မည့် ကာလကို ၂၀၁၁ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ သတ်မှတ်ထားသည်။ သက်ဆိုင်ရာလုပ်ငန်းကော်မတီများအနေဖြင့် မြို့နယ်ပေါင်း သုံးရာကျော်၊ မြို့နယ်ခွဲ ရှစ်ဆယ်ကျော်မှ မိမိအကျိုးအတွက်နှင့် အများအကျိုးအတွက် အမှန်တကယ်အလုပ်လုပ်လိုသော ကျေးလက်နေပြည်သူများနှင့် ပူးပေါင်း၍ ကဏ္ဍအလိုက် အောင်မြင်အောင် ဖော်ဆောင်သွားကြမည်ဖြစ်သည်။

တောင်သူလယ်သမားများ၏ အဓိကဝင်ငွေသည် ရာသီသီးနှံများ စိုက်ပျိုးခြင်းမှ ရသည့်ဝင်ငွေအပေါ် အားထားနေရသည်။ ရာသီသီးနှံများသည် အနည်းဆုံး လေးငါးလကြာမှ ဝင်ငွေရနိုင်သဖြင့် ကြားကာလ နေ့စဉ်ဝင်ငွေရရှိရေး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တစ်ချိန်တည်းလုပ်ကိုင်သည့် ပေါင်းစည်းလယ်ယာစနစ် အကောင်အထည်ဖော်ကြရန် လိုအပ်သည်။ ပေါင်းစည်းလယ်ယာစနစ် ပြုလုပ်ခြင်းဖြင့် အိမ်ထောင်စုတစ်ခုအတွက် အလုပ်အကိုင်လည်းရ၊ ဝင်ငွေလည်းမှန်၊ သဘာဝမြေသြဇာလည်းရသည့်အပြင် ဇီဝဓာတ်ငွေ့လောင်စာကိုပါ အသုံးပြုနိုင်သောကြောင့် ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနိုင်ရေး အားပေးကူညီကြရပေမည်။

တောင်သူလယ်သမားများနှင့် အလုပ်သမားများသည် တိုင်းပြည်၏အခြေခံ လူတန်းစားများဖြစ်သည်။ အခြေခံလူတန်းစားများ၏ လူမှုဘဝ မြင့်တက်လာအောင် စွမ်းဆောင်ကြခြင်းဖြင့် တိုင်းပြည်၏ဂုဏ်သိက္ခာ ပိုမိုမြင့်တက်လာမည်ဖြစ်သည်။ သက်ဆိုင်ရာတာဝန်ရှိသူများ အားလုံးတို့က ကျေးလက်ဒေသအခြေပြု လိုအပ်သည့်နည်းပညာနှင့် အရင်းအနှီးများရရှိရေး ပေါင်းစပ်ပံ့ပိုးကူညီဆောင်ရွက်သွားခြင်းဖြင့် ရည်မှန်းချက်များ အောင်မြင်ထိရောက်မှု လျင်လျင်မြန်မြန် ရရှိလာမည်ဖြစ်သည်။ ။

ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်အား ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်အား ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာ အကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရောဘတ်ကူးပါး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၁

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်အား ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရောဘတ်ကူးပါး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာ၌ ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေး အသုံးစရိတ် ကိစ္စရပ်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများ၏ နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်ရေးနှင့် နိုင်ငံခြားသား ကျွမ်းကျင်သူများ၏ ပြည်ဝင်ခွင့်ဗီဇာရရှိရေး ကိစ္စရပ်များ၊ ကျေးလက်ဒေသရှိ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များနှင့် ကျန်းမာရေးဆိုင်ရာ ထောင်စုနှစ် ရည်မှန်းချက် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အစီအစဉ်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။

(သတင်းစဉ်)

လပွတ္တာမြို့ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ သင်တန်းဖွင့်

နေပြည်တော် ဇွန် ၂၁

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက တာဝန်ယူဖွင့်လှစ်သော ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ စက်မှုလက်မှုပညာသင်တန်းကျောင်း လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်း၊ စက်ပြင်သင်တန်းနှင့် လျှပ်စစ်ဂဟေသင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီတွင် အဆိုပါ သင်တန်းကျောင်း၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

အဆိုပါ သင်တန်းသို့ လပွတ္တာခရိုင်အတွင်းရှိ လပွတ္တာမြို့နယ်၊ ပြင်စလူမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့မှ သင်တန်းသား ၆၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၆ ပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲအုပ် မျိုးနိုင်နှင့် အဖွဲ့သည် ဇွန် ၁၆ ရက် မွန်းလွဲပိုင်းတွင် သာကေတမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၃၇၀တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဆွေးနွေးပို့ချခဲ့သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၇၁)မှ ကျောင်းဆင်းအရာရှိများ (၂၅)နှစ်မြောက် ကျောင်းဆင်းငွေရတု အထိမ်းအမှတ်အဖြစ် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၅၀၀) ၌ ငွေကျပ် လေးသိန်း တန်ဖိုးရှိ ဆေးရုံသုံး ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

သစ်တောသစ်ပင်
ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

အလုပ်အကိုင်ဒီပလိုမာ သင်တန်းများဖွင့်မည်

ရန်ကုန် ဇွန် ၂၁

စီမံခန့်ခွဲမှုဆိုင်ရာမူဝါဒများကို သိရှိနားလည်ပြီး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီးပွားရေးနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စုပေါင်းရှာဖွေပြီး အချိန်မီ စိစစ်တွက်ချက်နိုင်ရန်၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းများကို စနစ်တကျ ကိုင်တွယ်ဆောင်ရွက်ဆုံးဖြတ်နိုင်ရန်၊ စီးပွားရေးနှင့် ဈေးကွက်အတွင်း စနစ်တကျရှိရမည့် လူထုဆက်သွယ်ရေးဆိုင်ရာနည်းပညာရပ်များကို တတ်ကျွမ်းရန်၊ စီးပွားရေးလုပ်ငန်းခွင်အတွင်း မဖြစ်မနေတတ်မြောက်ထားရမည့် Internet နှင့် Email အသုံးပြုပုံများနှင့် အခြေခံကျသော ကွန်ပျူတာပိုင်းဆိုင်ရာ ပညာရပ်များအား တတ်ကျွမ်းစေရန်နှင့် ဈေးကွက်စီမံခန့်ခွဲမှု ပညာရပ်များကို လေ့လာသင်ယူခွင့် ရရှိနိုင်ရန်အတွက် စီးပွားရေးဒီပလိုမာသင်တန်းကို Thames Management Centre(Yangon)၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းများကို ဇူလိုင် ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက သွင်းကုန် ထုတ်ကုန်လုပ်ငန်းကြီးများ၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ၊ စတိုးဆိုင်ကြီးများ၊ ဘဏ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများနှင့် စက်ရုံအလုပ်ရုံကြီးများတွင် အလုပ်အကိုင် အခွင့်အလမ်းများစွာကို ရရှိစေနိုင်မည်ဖြစ်ရာ Thames Management Centre (Yangon) ဖုန်း- ၀၁-၅၂၅၉၇၁၊ ၅၀၁၄၅၀၊ ၇၀၆၇၄၀ မြေနီကုန်းပလာဇာ ဒုတိယထပ် (ဒဂုံစင်တာနှင့် ဂမုန်းပွင့်ကြား) ဗားကရာလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဝေါမြို့နယ်၌ သန့်ရှင်းရေးဆောင်ရွက်

ဝေါ ဇွန် ၂၁

ဝေါမြို့နယ်အတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေစီးရေလာကောင်းမွန်စေရန် ဘိုးဘုံရပ်ကွက် မင်းလမ်းရေမြောင်းတူးဖော်ရှင်းလင်းမှုကို အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၁-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၅၂၄၆	၀. ၀၃၂၇၆
တရုတ် (ယွမ်)	၆. ၄၆၈၀၀	၀. ၁၅၄၆၁
အိန္ဒိယ (ရူပီး)	၄၄. ၇၇၆၅	၀. ၀၂၂၃၃
မလေးရှား (ရင်းဂစ်)	၃. ၀၃၁၅၀	၀. ၃၂၉၈၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၃၃၆	၀. ၈၁၀၇၉
ဂျပန် (ယန်း)	၈၀. ၁၂၇၂	၀. ၀၁၂၄၈
တောင်ကိုရီးယား(ဝမ်)	၁၀၇၈. ၄၉	၀. ၀၀၀၉၃
ယူရို	၀. ၆၉၅၉၂	၁. ၄၃၆၉၅
ဗြိတိသျှ (ပေါင်)	၀. ၆၁၇၂၄	၁. ၆၂၀၁၀

အင်တာနက်။

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. S.M Krishna **တာလေမြေငလျင်ဘေးအတွက် အလှူငွေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်း-ရွှေဖုံး) (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်း(၈)ရပ်

(၁) လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး။
(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး။
(၃) ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။
(၄) အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။
(၅) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။
(၆) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး။
(၇) ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး။
(၈) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး။

မြန်မာနိုင်ငံတွင် ငှက်ဖျား၊ တီဘီ၊ HIV ရောဂါများနှင့် ပတ်သက်၍ ဦးစားပေးဆောင်ရွက်နေ ဒေသတွင်းနိုင်ငံများ၌ အထက်ပါရောဂါသုံးမျိုး ဆေးယဉ်ပါးမှုပြဿနာများ တွေ့နေရ

အစည်းအဝေးကျင်းပ

နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ (၁၀)ကြိမ်မြောက် M-CCM **အစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၁

ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund) အထောက်အပံ့ဖြင့် ရောဂါကြီး သုံးမျိုး တိုက်ဖျက်ရေးအတွက် လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ပိုမိုအားဖြည့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုအချိန်တွင် ငှက်ဖျား၊ တီဘီ၊ HIVရောဂါများနှင့် ပတ်သက်၍ ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဒေသအတွင်း နိုင်ငံများ၌ အထက်ပါ ရောဂါသုံးမျိုးအပေါ် ဆေးယဉ်ပါးမှုပြဿနာများ တွေ့ရှိနေရပြီဖြစ်ရာ ယင်းပြဿနာကို ထိန်းချုပ်နိုင်ရန် နိုင်ငံအသီးသီးက အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်သွားရန် အရေးကြီးကြောင်းဖြင့် Myanmar Country Coordinating Mechanism (M-CCM) အဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် M-CCM အစည်းအဝေး၌ ပြောကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်နှင့် ဒေါက်တာဝင်းမြင့်၊ Dr. Elmar Vinh-Thomas ဦးဆောင်သော Global Fund Mission အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သည့် Myanmar Country Coordinating Mechanism အဖွဲ့ဝင်များ၊ Global Fund ၏ မြန်မာနိုင်ငံအတွက် Principle Recepient များ ဖြစ်ကြသော UNOPS၊ Save the Children နှင့် Local Fund Agent တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် 9th M-CCM Meeting အစည်းအဝေးမှတ်တမ်းကို ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစောလွင်က ဖတ်ကြားပြီး အစည်းအဝေးကအတည်ပြုသည်။

ယင်းနောက် ပထမ သုံးလပတ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော Global Fund လုပ်ငန်းရပ်များ၊ ငှက်ဖျား၊ တီဘီ၊ HIV စီမံကိန်းများ၏ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များ၊ ရောဂါသုံးမျိုးရန်ပုံငွေ၏ ရှေ့လုပ်ငန်းစဉ်များနှင့် Global Fund Round 11 အဆိုပြုလွှာများ တင်သွင်းမည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် Global Fund Mission အဖွဲ့က ကွင်းဆင်းလေ့လာရာတွင် တွေ့ရှိချက်များနှင့် အကြံပြုချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ရှင်းလင်းတင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ အဂ္ဂိဇယမင်္ဂလာ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၂၀ ၇။ “ငါးရစ်မျိုးငါး တို့မစား”
- ၈း၃၀ ၈။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တေးများ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ အဆိုပြိုင်ပွဲ
- ၄း၁၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၁၅ ၄။ တေးဂီတအစီအစဉ်
- ၄း၃၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ်(ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၄း၄၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၇။ သီချင်းကြီးပဒေသာ
- ၄း၅၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၀၅ ၉။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တေးများ
- ၅း၁၅ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၅း၂၀ ၁၁။ International Science News
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၄။ မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့
- ၆း၃၅ ၁၅။ “(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ဂျူဒို
- ၆း၅၅ ၁၆။ ရွှေရင်ခုန်သံ
- ၇း၂၀ ၁၇။ “လေ့လာစရာဗဟုသုတ မကုန်ခန်းနိုင်တဲ့ ပြတိုက်၊ ပိဋကတ်တိုက်နှင့် စာကြည့်တိုက်”
- ၇း၃၅ ၁၈။ အလက်ာကျော်စွာမြို့မငြိမ်းနှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ဂုဏ်ပြုတေးအစီအစဉ်
- ၈း၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ “ပျော်ရွှင်ရင်ခုန်ပြကွက်စုံ”
- ၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာလွှမ်းသောမေတ္တာ” (အပိုင်း-၆၉)**
- ၂၄။ **မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ၂၀၁၀ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် “တိုင်းရင်းစုံညီပျိုမဒီ တီထွင်ဆင်သရိုးရာအလှ”** ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၁)
- ၂၅။ အစီအစဉ်ပြီး၏။

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇွန် ၂၁

ယနေ့နံနက် ၉ နာရီခွဲထိ
မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** လောင်းလုံမြို့တွင် ၅ ဒသမ ၂၄ လက်မ၊ ဘီးလင်းမြို့တွင် ၄ ဒသမ ၉၆ လက်မ၊ ဝမြို့တွင် ၄ ဒသမ ၄၉ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ ပဲခူးမြို့တွင် ၃ ဒသမ ၁၈ လက်မ၊ ဟသ်ာတမြို့တွင် ၃ ဒသမ ၁၄ လက်မနှင့် ညောင်လေးပင်မြို့တွင် ၂ ဒသမ ၈၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်မည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr. S.M Krishnaအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီး H.E.Mr.S.M Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Dr.Villur Sundararajan Seshadri နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီး H.E.Mr.S.M Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ၌ ပါဝင်ပြသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၂၁

နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA)နှင့် မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးကော်မတီ (MMC)တို့မှ ပါဝင်ပြသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA)နှင့် မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးကော်မတီ (MMC)တို့မှ ပါဝင်ပြသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ဖတ်ကြားရှင်းလင်း

ထို့နောက် ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးရန်နိုင်က ကျင်းပပြီးစီးခဲ့သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားရှင်းလင်းပြီး UMTA ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ MMC ဥက္ကဋ္ဌ ဒေါက်တာအောင်မြတ်ကျော်၊ Myanmar Tourism Board အတွင်းရေးမှူးနှင့် မြန်မာ့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှဌေးတို့က နေပြည်တော်ခရီးသွားပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ပြီးစီးမှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ကြိုတင်စီစဉ်

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က ပြပွဲအတွက် လုပ်ငန်းများကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:ဝ၅ ၁။ နိုင်ငံတော်သီချင်း
၇:၁၀ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာ့ရှုခင်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၈။ အမျိုးသားရေး တေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ

ညပိုင်း

၄:၁၀ ၁။ နိုင်ငံတော်သီချင်း
၄:၁၅ ၂။ အဖွင့်သီချင်း
၄:၂၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၅ ၄။ လျှပ်တစ်ပြက်
၄:၄၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၄၅ ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၅၀ ၇။ ရွှေဟောင်းသုတ
၅:၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၇၅)**
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ Mail Box
၆:၂၅ ၁၃။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၃၂)
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၂၁)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဗွီတာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -မယားနပန်း(ဇာတ်သိမ်း) (သူရလင်း၊ ဝင်းနိုင်၊ ဇရာနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၁။ အိုင်စီတီသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၂၆)**
၂၄။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ပုဂံမြေဝယ် လက်ရှိစေတီပုထိုးပေါင်း သုံးထောင်ကျော် ကျန်ရှိနေ

မထိန်းသိမ်း မစောင့်ရှောက်လျှင် ရှေးဟောင်းအမွေအနှစ်များ ပျက်စီးပျောက်ကွယ်မည်

နိုင်ငံတော်၏အား၊ စေတနာရှင်ပြည်သူများ၏အားဖြင့် ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်နေ

ပေးအပ်လှူဒါန်း

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းထံ ရန်ကုန်မြို့နေ ဦးထင်ကျော်လင်း - ဒေါ်ငြိမ်းငြိမ်းတင့်ဆန်း၊ သမီး မလင်းမြတ်ချယ် မိသားစု A.C.E Co.,Ltd. က ပုဂံဘုရားများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၂၀၂၅ သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၁

ပုဂံရှေးဟောင်းစေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေးအတွက် အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဘက်စုံခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး အလှူငွေများကို လက်ခံသည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆက်လက်၍ အင်း၀၊ စစ်ကိုင်း၊ မန္တလေး၊ ရခိုင်ဒေသများရှိ ရှေးဟောင်းစေတီပုထိုး၊ ကျောင်း၊ ကန်၊ ဇရပ်များအား ယခုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူပူးပေါင်းလျက် ထိန်းသိမ်းစောင့်ရှောက်မှုများ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ အလားတူ မန္တလေးရှိ သုဓမ္မာဇရပ်များ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းထံ ရန်ကုန်မြို့နေ ဒေါ်နွယ်နွယ်စိုး မိသားစုက ပုဂံဘုရားအမှတ်(၁၂၇၇) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၃၅၀ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ ပုဂံရှေးဟောင်းစေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေးအတွက် လှူဒါန်းခဲ့ကြသည့် အလှူရှင်များအားလုံးအား ဝန်ကြီးဌာနကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ သမိုင်းအမွေအနှစ် တန်ဖိုးကြီးမားလှသည့် ပုဂံမြေဝယ် ယခုကဲ့သို့ ရှေးဟောင်းစေတီပုထိုးများကို ပြုပြင်ရခြင်း၊ လှူဒါန်းပွဲပိုးဆောင်ရွက်ရခြင်းသည် အလွန်ထူးမြတ်သည့် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်ဟု ယူဆပါကြောင်း။

ပုဂံမြေဝယ် လက်ရှိ စေတီပုထိုးပေါင်း သုံးထောင်ကျော် ကျန်ရှိနေပြီး ၎င်းစေတီပုထိုးများအား လက်ရှိ မြန်မာပြည်သူများက မထိန်းသိမ်းမစောင့်ရှောက်ကြလျှင် နောင်ဝယ် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များ တိမ်ကောပျက်စီးပျောက်ကွယ်သွားမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ပြုပြင်ရန် ကျန်ရှိနေသေးသည့် စေတီပုထိုးများအတွက် နိုင်ငံတော်၏ အား၊ စေတနာရှင် ပြည်သူများ၏ အားတို့ဖြင့် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရန် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်း အမွေအနှစ်များ ရေရှည်တည်တံ့စေရန်၊ စေတနာရှင်ပြည်သူများ ကုသိုလ်ယူလှူဒါန်းပြီး သဒ္ဓါတရား ပွားများနိုင်စေရန်နှင့် ၎င်းစေတီပုထိုးများအား ပြည်သူအများ ဖူးမြော်ကြည်ညိုသဒ္ဓါပွားနိုင်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း။

ထို့နောက် အလှူရှင်များက ပုဂံဒေသရှိ ရှေးဟောင်းစေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေးအတွက် အလှူငွေများပေးအပ်ကြရာ ရှေးဦးစွာ နေပြည်တော်နေ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ သားသမီး မြေးမိသားစုများက ပုဂံဘုရားအမှတ်(၂၄၈၀-ဃ) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၅၅ သိန်းကို ပေးအပ်လှူဒါန်းရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ် ပြည့်စုံ(အငြိမ်းစား)-ဇနီး ဒေါ်အေးပြည့်ဝေခင်၊ ပြည့်ဝေသျှန်မိသားစု ရတနာကုမ္ပဏီက ပုဂံဘုရားအမှတ်(၂၀၂၆) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း၁၁၀၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ်(၃၆-ဒီ)နေ ဦးထင်ကျော်လင်း- ဒေါ်ငြိမ်းငြိမ်းတင့်ဆန်း၊ သမီး မလင်းမြတ်ချယ်မိသားစု A.C.E Co., Ltd. က ပုဂံဘုရားအမှတ် (၂၉၂) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၁၈၅ သိန်း၊ ပုဂံဘုရားအမှတ်(၃၄၇) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၁၅၀၊ ပုဂံဘုရားအမှတ်(၁၅၃၉) ပြုပြင်မွမ်းမံရန်အတွက် ငွေကျပ်သိန်း ၂၀၀၊ ပုဂံဘုရားအမှတ်(၂၀၅၁)ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း၄၂၀ ၊ ပုဂံဘုရားအမှတ်(၁၃၁၂-ဂ) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း၁၅၀၊ ပုဂံဘုရားအမှတ်(၁၁၂၂-င) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၂၀၀၊ ပုဂံဘုရားအမှတ်(၁၀၃၆-က) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၁၅၀၊ ပုဂံဘုရားအမှတ်(၁၃၁၂-ဃ) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၁၂၀၊ ပုဂံဘုရားအမှတ် (၂၅၉၉) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း၄၅၀ ပုဂံဘုရားစေတီ(၉)ဆူ ပြုပြင်မွမ်းမံရန်အတွက် စုစုပေါင်း အလှူငွေကျပ် ၂၀၂၅ သိန်း၊ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ စရည်းပင်လမ်း အမှတ်(၃၅၃)နေ ဦးမင်းညီအေး-ဒေါ်ဇင်မြင့်မောင်၊ သား ပြည့်မင်းညီ မိသားစုက ပုဂံဘုရားအမှတ် (၁၅၆) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၆၅ သိန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း-ဇနီး ဒေါ်မြမြဝင်းမိသားစုနှင့် ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ပုဂံဘုရားအမှတ်(၈၁၂) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၁၉၅ သိန်း၊ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် (၂၃)လမ်းနှင့် အနော်ရထာလမ်းထောင့် အမှတ်(၂၅)နေ ဒေါ်နွယ်နွယ်စိုးမိသားစုက ပုဂံဘုရားအမှတ်(၁၂၇၇) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း၃၅၀၊ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီရုံး ဝန်ထမ်းများ စုပေါင်း၍ ပုဂံဘုရားအမှတ်(၂၆၁၉) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၁၂၅သိန်း၊ သစ်တောရေးရာဝန်ကြီးဌာနက ပုဂံဘုရားအမှတ် (၆၂၉) ပြုပြင်မွမ်းမံရန်အတွက် ပထမအကြိမ် အလှူငွေကျပ် ၈၁သိန်း၊ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်နှင့် မိသားစု က ပုဂံဘုရားအမှတ်(၄၁) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၁၅ သိန်း ၊ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)လမ်း အမှတ်(၉၀-စီ-၂)နေ ဦးဝင်းဆွေ-ဒေါ်မင်းသွယ်နု၊ သားသုဓမ္မကုမ္ပဏီဇောတရေ အကယ်ဒမီ ခန့်စည်သူမိသားစုတို့က ပုဂံဘုရားအမှတ် (၁၄၀၀-က) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း ၈၀၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဆေး/ငြိမ်း ရပ်ကွက် ပျဉ်းမလမ်း အမှတ်(၁၆)နေ ဦးတင်မြင့်-ဒေါ်သိန်းဟန် မိသားစုတို့က ပုဂံဘုရားအမှတ်(၂၃၂၄) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၆၅ သိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပါရမီလမ်းအမှတ် (၃၀) (အေ+ဘီ)နေ ဦးထင်လင်း- ဒေါ်ဆွေဆွေဦး သမီးမရွှေစင်ထင်လင်း မိသားစုတို့က ပုဂံဘုရားအမှတ်(၂၂၈၃) ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၂၅ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ကျင်းပသော ပုဂံရှေးဟောင်းစေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရေးအတွက် အလှူငွေပေးအပ်ခြင်း အခမ်းအနားတွင် အလှူရှင် ၁၂ ဦးတို့က ပုဂံစေတီ ဘုရားအဆူ ၂၀ အတွက် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၃၁၁၆ သိန်းဖြစ်သည်။ ပုဂံဒေသရှိ ပြုပြင်ရန်ကျန်ရှိနေသေးသော စေတီ၊ ဘုရား ပုထိုး ၁၂၃ ဆူအတွက် ၂၀၁၁ ခုနှစ် မေ ၁၃ ရက်မှ စတင်၍ အလှူငွေများ ထပ်မံကောက်ခံလျက်ရှိရာ ယနေ့အထိ အလှူရှင် ၂၆ ဦးတို့က ဘုရား ၃၅ ဆူအတွက် လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၄၁၂၃ သိန်း၊ ပြည်သူလူထုက နဝကမ္မအလှူငွေအဖြစ် လှူဒါန်း ငွေစုစုပေါင်း ငွေကျပ် ၁၀၂၉၀၀၀ နှင့် အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာ ရရှိပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဇွန် ၇ ရက်က ရွှေဘိုခရိုင် တန့်ဆည် မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ကံထူးမ စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်း စုပေါင်း သစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဇွန် ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. S.M Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Dr. Villur Sundararajan Seshadri လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့သွားရောက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တွေ့ဆုံကာ မြန်မာနှင့်အိန္ဒိယ နှစ်နိုင်ငံအကြား နိုင်ငံရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီ တွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ သွားရောက်၍ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းနှင့်တွေ့ဆုံကာ မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်စေရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များအား ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. S.M Krishna တို့ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M Krishna တို့ တန်(၅၀၀)ဆံ့ Food Security Shelter များ ဖွင့်ပွဲအထိမ်းအမှတ် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး Logo ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဦးဆောင်သောအဖွဲ့ တန်(၅၀၀)ဆံ့ Food Security Shelter များ ဖွင့်ပွဲတက်ရောက်

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မြို့၌ ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M Krishna ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဝါဆိုရပ်ကွက် မဏ္ဍိုင်လမ်း၌ ကျင်းပသော အိန္ဒိယသမ္မတနိုင်ငံအစိုးရက ဆောက်လုပ်လှူဒါန်းသည့် တန်(၅၀၀)ဆံ့ Food Security Shelter များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ကျေးဇူးတင်စကားပြောကြားပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M Krishna က တန်(၅၀၀)ဆံ့ Food Security Shelter များ ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးတို့က တန်(၅၀၀)ဆံ့ Food Security Shelter များ ဖွင့်ပွဲအထိမ်းအမှတ် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး Logo ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri၊ စစ်သံမှူး Col. Rajesh Kumar နှင့် တာဝန်ရှိသူများသည် Food Security Shelter များကို လှည့်လည်ကြည့်ရှုကြသည်။

အိန္ဒိယသမ္မတနိုင်ငံအစိုးရက ဆောက်လုပ်လှူဒါန်းသော Food Security Shelter များမှာ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ သုံးလုံးနှင့် ကော့မှူးမြို့နယ်၌တစ်လုံး၊ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၊ ဒေးဒရဲမြို့နယ်၊ ဖျာပုံမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့၌ တစ်လုံးစီ စုစုပေါင်း ၁၀ လုံးဖြစ်သည်။ အဆောက်အအုံများမှာ Steel Structure အမျိုးအစား အလျားပေ ၉၀၊ အနံပေ ၄၀၊ အမြင့် ၁၄ ပေ၊ အောက်ခြေရေလွတ်အမြင့် ခုနစ်ပေရှိကာ ဆန်တန်ချိန် (၅၀၀) သိုလှောင်နိုင်ကြောင်းသိရသည်။

အခမ်းအနားအပြီးတွင် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဦးဆောင်သောအဖွဲ့သည် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဇွန် ၂၁

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာကြရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri၊ စစ်သံမှူး Col. Rajesh Kumar နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အလှူငွေများလှူဒါန်း

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်အား သွားရောက်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး ဗဟာဒုရှားဂူဗိမာန်သို့လည်း သွားရောက်ဂါရဝပြုခဲ့ကြသည်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီး H.E. Mr. S.M Krishna ရွှေတိဂုံ စေတီတော် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

သမဝါယမအသင်းများဖွဲ့စည်းရေး သမဝါယမ ဒုတိယဝန်ကြီး လှည့်လည်ဆွေးနွေး

နေပြည်တော် ဇွန် ၂၁

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဇေယျာသီရိမြို့နယ်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်တို့၌ သက်ဆိုင်ရာပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ သမဝါယမအသင်းများ ဖွဲ့စည်းရေးကိစ္စများကို ဆွေးနွေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်သို့ရောက်ရှိပြီး ပါမောက္ခချုပ်ရုံးခန်း၌ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ကထိကများနှင့် တွေ့ဆုံ၍ တက္ကသိုလ်စားသုံးသူ သမဝါယမအသင်း (University Con-Co) ဖွဲ့စည်းရန်နှင့် သမဝါယမဝန်ကြီးဌာနက ထောက်ပံ့ပေးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးတင်ပြပြီး တက္ကသိုလ်မှတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ရန် ပြန်လည်တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်တို့သို့ သွားရောက်၍ တက္ကသိုလ်စားသုံးသူ သမဝါယမအသင်းများ ဖွဲ့စည်းရန် ဆွေးနွေးခဲ့သည်။

ထိုမှတစ်ဆင့် လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာသို့ ရောက်ရှိပြီး ဈေးဆိုင်ခန်းများ ပြုပြင်တည်ဆောက်ရန် သမဝါယမ ချေးငွေဖြင့် အမိုးသွပ်များ ဖြန့်ဖြူးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ဂျပန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၁

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Takashi SAITO သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ရုပ်မြင်သံကြားပူးပေါင်းရိုက်ကူးထုတ်လွှင့်ရေး၊ မီဒီယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ရှေးဟောင်းသုတေသန ပြတိုက်နှင့် ယဉ်ကျေးမှုဆိုင်ရာ အဆင့်မြင့်သင်တန်းများ တက်ရောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Takashi SAITO လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၁)သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၁) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၁

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့-အဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ၊ ဆရာမ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၅၀၃ ဦး တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ “သေတတ်အောင် ကြိုးစားကြမယ်” တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၄၂)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၁၀၀)**
- ၈း၅၀ Activities In The City
- ၉း၀၅ ရန်ကုန်သမဝါယမဒီဂရီကောလိပ်၏အငြိမ်းစားမြတ်ဆရာပူဇော်ပွဲ
- ၉း၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၉း၃၀ အားကစားမြင်ကွင်းစုံ
- ၁၀း၀၀ “ရုပ်ရှင်ထဲကကျန်းမာရေး”
- ၁၀း၃၅ ဓာတ်ပုံထဲမှအမှတ်တရများ
- ၁၁း၀၀ Activities In The City
- ၁၁း၁၀ MANHUNT 2011 (Part-3)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ ဂီတနက်သန်ကိုစောညိန်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ
- ၁၂း၃၅ စားချင်စဖွယ်နည်းအသွယ်သွယ်
- ၁း၀၀ “သေတတ်အောင် ကြိုးစားကြမယ်” တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၄၂)**
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်”(အပိုင်း-၁၀၀)**
- ၅း၀၀ စာအုပ်စာပေလူ့မိတ်ဆွေ
- ၅း၂၀ မင်းထက်မောင်မောင်. . . ဖွင့်ပြောပြီ
- ၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ရောင်စုံပန်းတို့အလှခြယ်ရာ. . . ကမ်းလင့်မေတ္တာဖေးကူပါ. . .
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၄၃)**
- ၇း၂၀ Cartoon Show Time
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ သင်ကြားရေးလမ်းညွှန်
- ၈း၅၅ Celebrity Style
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၁၀၁)**
- ၁၀း၂၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
- ၁၀း၄၅ Industrial Talk
- ၁၁း၁၅ World of Knowledge
- ၁၂း၀၅ ငှက်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ
- ၁၂း၃၀ Celebrity Profile
- ၁း၀၅ အသိစိတ်ကလေးအရင်းတည်၍
- ၁း၂၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၁း၃၅ အလှပန်းတစ်ပွင့်ဖူးပွင့်လေပြီ မုန်းဝန်းဒေသဆီ
- ၁း၅၅ Box Office Movies
- ၂း၁၅ မြန်မာ့ခြင်းလုံး
- ၂း၂၅ ဒို့တိုင်းဌာနီဧရာဝတီ
- ၂း၅၀ လက်ဖက်ရဲ့အဖော်နှစ်ပြန်ကြော်
- ၃း၀၀ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၄း၀၀ ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
- ၄း၁၀ ခါတစ်လှည့်. . . လာလှည့်ပါဆိပ်ခွန်ရွာ. . .
- ၄း၂၀ ရွှေမင်းသား(သို့မဟုတ်) နှလုံးသားထက်မြက်သူ
- ၄း၄၅ မုံရွာမြို့သို့အလည်တစ်ခေါက်
- ၅း၀၀ အစီအစဉ်ပြီး။

စေတနာလှိုင် (ရေစကြို) ၏ ရွှေစည်းကမ်းနှင့် ရွှေနည်းလမ်းများ စာအုပ် ၁၂၀ (တန်ဖိုးငွေကျပ် ၂၁၀၀၀၀)ကို ရေစကြိုမြို့နယ် ကုက္ကိုစုရွာ အထက်တန်းကျောင်း(ခွဲ) သို့လည်းကောင်း၊ ငွေကျပ်တစ်သိန်းကို ဦးစံလင်း ပညာရေးဖောင်ဒေးရှင်းသို့ လည်းကောင်း ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၈ ရက်က ကုက္ကိုစုရွာ အထက်တန်းကျောင်း(ခွဲ)ရုံးခန်းမ၌ ကျင်းပရာ စေတနာလှိုင်(ရေစကြို)၏ ကိုယ်စား ရေစကြိုမြို့ စက္ကူပါလဆေးတိုက်မှ ဒေါက်တာကျော်ငွေ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နိုင်ငံတကာရုပ်ရှင်အနုပညာရပ်ဝန်း **အောင်မင်းစိုး**

BTJA က ချီးမြှင့်သော အကောင်းဆုံးဇာတ်ကားဆုများ Modern Family ဇာတ်ကားနှင့် Mad Men ဇာတ်ကားတို့ရရှိ

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ဇွန် ၂၀ ရက်က ရုပ်မြင်သံကြား ဂျာနယ်လစ် အဖွဲ့အစည်း(BTJA)က ဝေဖန်အကဲဖြတ်ရွေးချယ်၍ အကောင်းဆုံး ရုပ်သံဇာတ်လမ်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ရာ Modern Family ဇာတ်ကားနှင့် Mad Men ဇာတ်ကားများက ရရှိသွားသည်။

ယင်းဆုပေးပွဲတွင် Modern Family ဇာတ်ကားက အကောင်းဆုံးဟာသ ဇာတ်လမ်းတွဲဆုနှင့် Mad Men ဇာတ်ကားက အကောင်းဆုံးဒရာမာ ဇာတ်လမ်းတွဲဆုများ ရရှိသွားကြောင်း BTJA က ပြောကြားသည်။ BTJA ဆိုသည်မှာ ယခင်က ရုပ်ရှင်ဝေဖန် အကဲဖြတ်ရေးအဖွဲ့အစည်း BFCA ဖြစ်ပြီး ယခုနှစ်မှ ပြောင်းလဲဖွဲ့စည်းလိုက်သော အဖွဲ့အစည်းဖြစ်သည်။ ယင်းအဖွဲ့သည် နှစ်စဉ်နှစ်တိုင်း ရုပ်ရှင်ဇာတ်ကားများကို ဝေဖန်အကဲဖြတ် ရွေးချယ်၍ ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

၎င်းဆုပေးပွဲတွင် Mad Men ဒရာမာ ဇာတ်လမ်းတွဲမှ ဂျွန်ဟာမန်က အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုရရှိသွားပြီး The Big Bang Theory ဟာသဇာတ်လမ်းတွဲမှ ဂျင်ပါဆင်က အကောင်းဆုံး အမျိုးသားဟာသ သရုပ်ဆောင်ဆုကို ရရှိသွားသည်။ Modern Family ဟာသဇာတ်လမ်းတွဲမှ သရုပ်ဆောင်ငါးဦးသည် အကောင်းဆုံး သရုပ်ဆောင်ဆုများရရှိရန် အမည်စာရင်း တင်သွင်းခြင်းခံခဲ့ရသော်လည်း တစ်ဦး တစ်ယောက်မျှ မရရှိခဲ့ပေ။

The Good Wife ဒရာမာဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ မင်းသမီး ဂျူလီယန်နာ မာဂူလီစ်က အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုရရှိသွားသကဲ့သို့ 30 Rock ဟာသဇာတ်လမ်းတွဲမှ မင်းသမီး တီနာဖေးက အကောင်းဆုံး အမျိုးသမီး ဟာသသရုပ်ဆောင်ဆု ရရှိသွားသည်။

How I Met Your Mother ဟာသဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ မင်းသား နီရယ်လ် ပက်ထရစ်ဟာရီစ်က အကောင်းဆုံး အမျိုးသားဟာသဇာတ်ပို့ဆုနှင့် Cougar Town ဟာသဇာတ်လမ်းတွဲမှ မင်းသမီး ဘစ်ဇီဖီးလစ်က အကောင်းဆုံး အမျိုးသမီး ဟာသဇာတ်ပို့ဆုကို ဆွတ်ခူးရရှိသွားသည်။

Fringe ဒရာမာဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ မင်းသား ဂျွန်နိုဘယ်လ်က အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုနှင့် Mad Men ဒရာမာဇာတ်လမ်းတွဲမှ မင်းသမီး ခရစ္စတီနာဟန်ဒရစ်ခ်နှင့် Justified ဒရာမာဇာတ်လမ်းတွဲမှ မင်းသမီး မာဂိုမာတင်ဒေးလ်တို့က အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုများကို ဆွတ်ခူး ရရှိသွားကြသည်။

အင်တာနက်။

တပ်ကုန်းမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲ အမှုဆောင်သစ် ရွေးချယ်

နေပြည်တော် ဇွန် ၂၁

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ(တပ်ကုန်းမြို့)၏ အမှုဆောင်သစ်ရွေးချယ်ပွဲ အခမ်းအနားကို ဇွန် ၁၉ ရက်က တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူက အဖွင့် အမှာစကားပြောကြားပြီး တက်ရောက်လာကြသော မြို့နယ်အတွင်းရှိ ဖြန့်ချိရေး၊ ငှားရမ်းရေး၊ ပြသရေး၊ ဖျော်ဖြေရေးနှင့် ရိုက်ကူးရေးလုပ်ငန်းရှင်များက မဲပေးစနစ်ဖြင့် ရွေးချယ်ရာ ဥက္ကဋ္ဌ ဦးတင်ဝင်း(ဖြန့်ချိရေး)၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်(ဖြန့်ချိရေး)၊ အတွင်းရေးမှူး ဦးမြင့်လွင်(ငှားရမ်းရေး)တို့ အပါအဝင် အမှုဆောင်ကိုးဦးကို ရွေးချယ် တင်မြှောက်ခဲ့ကြသည်။ (၅၆၄)

☆ကျောဖုံးမှ

ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များအားလုံး စနစ်တကျ စီမံခန့်ခွဲ သုံးစွဲနိုင်ရန်အတွက် စိစစ်ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးကော်မရှင်အား ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၉ အရ ဖွဲ့စည်းခဲ့ပြီးနောက် ၂၀၁၁ ခုနှစ် ဧပြီ ၇ ရက်တွင် ကော်မရှင်၏ ပထမအကြိမ်အစည်းအဝေး (၁/၂၀၁၁) ကို ကျင်းပပြီးစီးပြီးဖြစ်ကြောင်း။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကော်မရှင်အနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများအားလုံးကို စိစစ်၍ ဥပဒေကြမ်းပြုစုပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရန် ဖြစ်ကြောင်း။

သို့သော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ နှင့်အညီ ၂၇-၁-၂၀၁၁ ရက်တွင် ၂၀၁၁-၂၀၁၂ ခုနှစ် နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း။

အဆိုပါ ဥပဒေတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် စည်ပင်သာယာရေးအဖွဲ့များအားလုံး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများကိုပါ ထည့်သွင်းရေးဆွဲခဲ့ကြောင်း။

သို့ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများအနေဖြင့် စတင်ဖွဲ့စည်းသည့်ကာလဖြစ်သည့်အတွက် မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် တာဝန်ယူ စီမံခန့်ခွဲနိုင်မည့်လုပ်ငန်းများကို လေ့လာရန်လိုအပ်ခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ပါဝင်သောအဖွဲ့အစည်းများအားလုံးအနေဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် ရငွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ သုံးငွေများကိုလည်း လျာထားချက်အတိုင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှသာ ထုတ်ယူသုံးစွဲရန်ဖြစ်ပြီး လက်ရှိရေးဆွဲထားမှုအခြေအနေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများတွင် ဘတ်ဂျက်လိုငွေပေါ်ပေါက်နေခြင်းအတွက် မိမိဒေသ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းများကို ပြန်လည်လေ့လာရန် လိုအပ်ခြင်းတို့ကြောင့် ဘဏ္ဍာရေးကော်မရှင် ပထမအကြိမ်အစည်းအဝေးတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပထမ(၆)လ၊ ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ပြည်ထောင်စုအဆင့်ဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေ မခွဲခြားဘဲ နိုင်ငံတော်က တာဝန်ယူ၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်စေခဲ့ရာ ယခုလကုန်ဆိုလျှင် ပထမ(၃)လ ပြည့်မြောက်ပြီဖြစ်ကြောင်း။

ပထမ(၃)လအတွင်း တိုင်းဒေသကြီး၊ ပြည်နယ် အရအသုံး ဆိုင်ရာကိစ္စများ ပြန်လည်လေ့လာရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဇယား(၂)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင်ပါရှိသည့် ကဏ္ဍအသီးသီးဖြစ်သည့် စီမံကိန်းကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍများအလိုက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အသီးသီးမှ မိမိတို့ဘဏ္ဍာရန်ပုံငွေဖြင့် တာဝန်ယူစီမံခန့်ခွဲနိုင်မည့်လုပ်ငန်းများကို စိစစ်တင်ပြနိုင်ရန်လိုအပ်ကြောင်း။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သီးခြားရန်ပုံငွေများဖြင့် ဆောင်ရွက်နေသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့များအနေဖြင့်လည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင် ပါဝင်ဆောင်ရွက်နေပြီဖြစ်ပြီး တွေ့ကြုံရသည့် အခက်အခဲများကိုလည်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဖြင့် ညှိနှိုင်းဖြေရှင်းလျက်ရှိကြောင်း၊ အဆိုပါ အဖွဲ့အစည်းများအနေဖြင့် ၁-၁၀-၂၀၁၁ ရက်မှစ၍ မိမိတို့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်အတွင်း ပြောင်းလဲပါဝင်ဆောင်ရွက်လာကြမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မလုံလောက်မှုများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဝိုင်းဝန်းထောက်ပံ့ပေးရန် အစီအစဉ်ရှိကြောင်း၊ ထောက်ပံ့ရာတွင်လည်း ပြည်ထောင်စုမှရရှိသည့်အပေါ် မူတည်၍ မျှမျှတတ ခွဲဝေပေးနိုင်ရန် လိုအပ်မှာဖြစ်ကြောင်း၊ သို့သော် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအနေဖြင့် မိမိရှာဖွေနိုင်သည့်ဝင်ငွေဖြင့် မိမိတို့ သုံးစွဲနိုင်သည့် အခြေအနေရောက်ရှိအောင် ကြိုးစားဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအနေဖြင့် ပထမ(၆)လ၏ ဒုတိယ(၃)လဖြစ်သည့် (ဇူလိုင်လမှ စက်တင်ဘာလ) များအတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၏ ဒုတိယ(၆)လအတွက် (အောက်တိုဘာလမှ မတ်လအထိ) မိမိတိုင်းဒေသကြီး / ပြည်နယ်အတွင်း မိမိတိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းပြီး တိုင်းဒေသကြီး/ပြည်နယ် ရသုံးခန့်မှန်းခြေ ငွေစာရင်းများကို ရေးဆွဲနိုင်ရေး စတင်ရန် လိုအပ်ပြီဖြစ်ကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လအတွက် အရအသုံး ငွေစာရင်း ရေးဆွဲရာတွင် မည်သည့်အခြေအနေများမှ ဝင်ငွေပိုမိုတိုးတက်ရရှိနိုင်မည်၊ ရရှိအောင် လုပ်ဆောင်နိုင်မည်၊ မည်သည့်အသုံးစရိတ်များမှာ စနစ်တကျသုံးစွဲမှုမရှိ၍ လေလွင့်ဆုံးရှုံးမှုရှိနေသည်၊ လစ်ဟာမှုရှိနေသည် စသည်ဖြင့် မိမိတို့ဒေသ အခြေအနေများမှ သိရှိထားသည့် အချက်အလက်များအရ စနစ်ကျနသော ရသုံးခန့်မှန်းခြေငွေစာရင်း တစ်ခု ရေးဆွဲကြရန် ဖြစ်ကြောင်း။

ထို့ပြင် ပြည်ထောင်စုအစိုးရအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် အရေးကြီးသော စီမံကိန်းလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လောလောဆယ် မလိုအပ်သော အသုံးစရိတ်များကို လျှော့ချရန်အတွက် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြန်လည်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ ပြန်လည်ညှိနှိုင်းမှုအရ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ လိုငွေဖြစ်ပေါ်မှုမှာ မူလလျာထားသည်ထက် ကျပ် ၅၅၃၂၀၂ သန်း လျော့နည်းသွားခဲ့ကြောင်း၊ လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၃ ဒသမ ၅၉ ရာခိုင်နှုန်း သို့ လျော့ကျခဲ့ကြောင်း။

ပြည်ထောင်စုအစိုးရအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်း လိုငွေလျှော့ချနိုင်ခဲ့သည့်နည်းတူ တိုင်းဒေသကြီး/ပြည်နယ် အရအသုံး ငွေစာရင်းများအား လိုငွေလျှော့ချရေးဆွဲနိုင်ရန် တိုင်းဒေသ

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကြီး/ ပြည်နယ်အစိုးရများအနေဖြင့် သေချာစွာ ပြန်လည်လေ့လာရန် လိုအပ်ကြောင်း။

ထို့ပြင် ရှေ့လာမည့်နှစ်များတွင်လည်း Balance Budget ဖြစ်ရေးအတွက် ရည်မှန်းချက်ထားပြီး ဦးတည်ဆောင်ရွက်သွားရန်၊ ဘတ်ဂျက်လိုငွေလျှော့ချနိုင်ရေး ဦးတည်ဆောင်ရွက်သော်လည်း နိုင်ငံနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခြင်း မဖြစ်စေရေးအတွက် အရည်အသွေးရှိသော စီမံအုပ်ချုပ်မှုဖြင့် ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် လာမည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာ/အခွန်၊ သစ်တောနှင့် သားငါးဝန်ကြီးဌာန ဝန်ကြီးတို့က တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၏ တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရသုံးခန့်မှန်းခြေငွေစာရင်းကို ကိုင်တွယ်ရေးဆွဲရာတွင် ဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များနှင့် အခွန်အကောက်များ အပြည့်အဝရရှိရေး ဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လမ်းများအတွက် ပြုပြင်ထိန်းသိမ်းရေး ရန်ပုံငွေများ ပိုမိုခွဲဝေချထားမှုနှင့် လမ်းနှင့်တံတား ဆောက်လုပ်ရေး စီမံကိန်းများဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဒေသအသီးသီးတွင် ရေလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ဆားလုပ်ငန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းလုပ်ကိုင်ဆောင်ရွက်ခွင့်ပေးအပ်ထားမှုနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ပူးတွဲဆောင်ရွက်ရမည့်အခြေအနေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အပါအဝင် မြစ်ကြောင်းများ၏ ရေလမ်းထိန်းသိမ်းမှု အခြေအနေများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဝန်ကြီးဌာန၏ ဝင်ငွေရရှိမှု၊ ရထားလမ်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရထားလမ်းဟောင်းများ အဆင့်မြှင့်တင်နေမှု၊ ရထားလမ်းသစ်များ ဖောက်လုပ်ပေးနေမှုနှင့် တည်ဆောက်လျက်ရှိသည့် ဧရာဝတီမြစ်ကူးတံတားကြီးလေးစင်းပေါ်တွင် ရထားလမ်းဖြတ်သန်းဖောက်လုပ်ခြင်းနှင့် ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်က ဝန်ကြီးဌာနက ပံ့ပိုးကူညီမှုဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆက်သွယ်ရေးဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည့် အခြေအနေ၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆောင်ရွက်နေသည့် မဟာဓာတ်အားလိုင်း တည်ဆောက်ရေး စီမံကိန်းများ၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်၊ သုံးစွဲမှုနှင့် ဖြည့်ဆည်းပေးနိုင်မှုအခြေအနေနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများနှင့် ရေနံချက်စက်ရုံများ အဆင့်မြှင့်တင် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရအနေဖြင့် ဗဟိုချုပ်ကိုင်မှုများလျှော့ချပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လုပ်ပိုင်ခွင့်များ ပိုမိုပေးအပ်ထားပြီးဖြစ်ကြောင်း၊ ထို့အပြင် ပြည်ထောင်စုအစိုးရက ပံ့ပိုးကူညီဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးသုံးစွဲမှုများကို ပိုမို၍ စနစ်တကျ စိစစ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နောင်လာမည့်ကာလတွင် Balance Budget ဖြစ်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နေပြည်တော် ဥတ္တရသီရိမြို့နယ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၁

နေပြည်တော် ဥတ္တရသီရိမြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၁၃/၅)၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးစောလှ၊နေပြည်တော်ကောင်စီနယ်မြေ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၊ ဥတ္တရသီရိမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်သစ်တောဦးစီးအရာရှိတို့က တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ပျိုးပင်များပေးအပ်ပြီး သတ်မှတ်နေရာများ၌ သစ်ပင်များ စိုက်ပျိုးပေးကြသည်။**(ဝဲပုံ)**

သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း၊ ပိတောက်၊ မဟော်ဂနီ၊ အင်ကြင်း၊ ယူကလစ်၊ စိန်ပန်းနှင့်ခရေ စုစုပေါင်း အပင် ၃၀၀၀ စိုက်ပျိုးခဲ့သည်။ (သတင်းစဉ်)

တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်းရှိ ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ချောင်းခွကျေးရွာလေးလက်မစက်ရေတွင်း ပြုပြင်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဝင်း ကွင်းဆင်းကြီးကြပ်စဉ်။ (သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုး

နတ်မောက် ဇွန် ၂၁

နတ်မောက်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၁၂ ရက် နံနက်က လေးအိမ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းကိုနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ပြည်သူများက ကျွန်း၊ တမာ၊ ယူကလစ်၊ ဖျောက်ဆိပ်၊ တိုလိုရှား၊ မြန်မာကုက္ကို၊ မြန်မာရှား အရိပ်ရလေကာပင် စုစုပေါင်း အပင် ၁၅၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ (မြို့နယ်ပြန်/ဆက်)

ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းကုသ

နေပြည်တော် ဇွန် ၂၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ကြီးကြပ်စီမံမှု၊ IBTC Co., Ltd. ၏ လှူဒါန်းမှုတို့ဖြင့် အထွေထွေရောဂါကုသမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၏ အခမဲ့ကွင်းဆင်းကုသပေးသည့် လူထုကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ အထွေထွေရောဂါ၊ သားဖွား/မီးယပ်၊ အရိုးအကြော၊ မျက်စိ၊ ခွဲစိတ်၊ ကလေး၊ နား/နှာခေါင်း၊ လည်ချောင်း၊ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများအား ပြုစုကုသဆောင်ရွက်ပေးလျက်ရှိရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ဇွန် ၁၈ ရက် မွန်းလွဲပိုင်းတွင် ကျန်းမာရေးကုသပေးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့သည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသော အထူးကုဆရာဝန်ကြီးများ၏ အခမဲ့ကွင်းဆင်းကုသပေးသည့် အစီအစဉ်ဆိုင်ရာ ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်ဆရာဝန် ဒေါက်တာယုဝေက အခမဲ့ကွင်းဆင်းကုသပေးခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အခမဲ့ကွင်းဆင်းကုသပေးသည့် သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများကိုယ်စား မြို့နယ်ဆရာဝန် ဒေါက်တာယုဝေနှင့် အခမဲ့လှူဒါန်းပေးသည့် IBTC မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါ အထွေထွေရောဂါကုသမားတော်ကြီးများနှင့် အထူးကုဆရာဝန်ကြီးများသည် အခမဲ့ကျန်းမာရေး ပြုစုစောင့်ရှောက်မှုအစီအစဉ်အရ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ စိတ္တိန်း၊ ပုပ္ပား၊ လက်ပံပြားနှင့် မြို့နယ် ပြည်သူ့ဆေးရုံစသည့် စုရပ် လေးနေရာ၌ ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ ဒေသခံပြည်သူ ဝေဒနာရှင် စုစုပေါင်း ၅၈၂၇ ဦးအား အခမဲ့ ကျန်းမာရေးပြုစုစောင့်ရှောက် ကုသပေးနိုင်ခဲ့သည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသော အထူးကုဆရာဝန်ကြီးများ၏ အခမဲ့ကွင်းဆင်းကုသပေးသည့် အစီအစဉ်ဆိုင်ရာ ဂုဏ်ပြုပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၁

သတ္တုတွင်းဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ ပိတောက်ပင်ကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ကျွန်းပင်များနှင့် အရိပ်ရလေကာပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဝန်ထမ်းများစုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးနှုတ်ဆက်သည်။

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် အပါအဝင် စုစုပေါင်း အပင် ၃၅၀၀ ကို စိုက်ပျိုးပေးကြရာ ၂၀၁၀ ခုနှစ်အထိ ရတနာတန်းဝင်ကျွန်းပင်၊ နှစ်ရှည်ပင်၊ နှစ်ရှည်စားပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း အပင် ၃၇၇၄၀ ကို စိုက်ပျိုးပေးခဲ့ပြီးဖြစ်ရာ ယခုအခါ စုစုပေါင်း အပင် ၄၁၂၄၀ စိုက်ပျိုးပြီးဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးရုံး စိမ်းလဲ့ကန်သာဆည် အမှတ်(၃၁)အတွင်းသို့ ငါးကြင်းရွှေဝါနှင့် ငါးမြစ်ချင်းများကို ငါးမျိုးစိုက်ထည့်ပေးပြီး ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများကလည်း ဆည်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြရာ မူလက ငါးမျိုးစုံကောင်ရေ ၁၂၂၄၀၀ ရှိပြီး ယနေ့ ငါးကောင်ရေ ၁၃၅၀၀ ထပ်မံစိုက်ထည့်မှုကြောင့် စုစုပေါင်း ငါးကောင်ရေ ၁၃၅၉၀၀ ရှိပြီဖြစ်သည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး စိမ်းလဲ့ကန်သာဆည် အမှတ်(၃၁)အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးစဉ်။

(သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

တောင်တွင်းကြီးမြို့နယ်၌ ပေလေးပင် စာကြည့်တိုက်ဖွင့်

တောင်တွင်းကြီး ဇွန် ၂၁

တောင်တွင်းကြီးမြို့နယ် တရုပ်တောအုပ်စု ရွာလေးကျေးရွာ ပေလေးပင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးဇော်ဌေးအောင်၊ မြို့နယ် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးအောင်ကျော်ငြိမ်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်အေးတို့က စာကြည့်တိုက်နှင့် စာပေရေးရာများ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြန်/ဆက်ဦးစီးမှူးနှင့် ဦးစိန်မောင်း၊ ဦးရဲမြင့်ထွန်း၊ ဦးကျော်ခိုင်ထွန်းနှင့် ဒုတိယရဲအုပ် မြင့်ဇော်တို့က စာအုပ်၊ စာစောင် ၃၆၀ ကို ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်အဆောက်အအုံသစ်အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ (၅၈၀)

\- - - - - -

လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာစာကြည့်တိုက်ပန္နက်တင်

လားရှိုး ဇွန် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် ဆုံကွယ်အုပ်စု ဆုံကွယ်ရွာ (ရဲဘော်ဟောင်းရပ်) ပညာ့အလင်းစာကြည့်တိုက် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဇွန် ၈ ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ ပန္နက်တင်အခမ်းအနားတွင် ခရိုင်ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းဆိုင်လီခမ်း၊ ဒုတိယဦးစီးမှူးဒေါ်ခင်ညွန့်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး ရုံးအဖွဲ့ဝင် ဦးကျော်သိန်းနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် စာကြည့်တိုက်ကော်မတီဝင်များက ပညာ့အလင်းစာကြည့်တိုက်ကို ပန္နက်တင်ပေးကြသည်။

အဆိုပါ စာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ပေ ၂၀၊ အမြင့် ၁၄ ပေ သွပ်မိုး၊ တမံသလင်းခင်း၊ အုတ်ကာ ဖြစ်ပြီး နိုင်ငံတော်မတည်ငွေ ကျပ် ၁၀ သိန်းနှင့် ကျေးရွာမှ ထည့်ဝင်လှူဒါန်းငွေကျပ် ၁၀ သိန်းတို့ဖြင့် ဆောက်လုပ်သွားမည်ဖြစ်သည်။ (မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့်စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အခွန်ပညာပေးရှင်းလင်းပွဲ ကော့ကရိတ်၌ ကျင်းပ

ကော့ကရိတ် ဇွန် ၂၁

ကော့ကရိတ်မြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ဝင်ငွေခွန် ကုန်သွယ်လုပ်ငန်းခွန်များဆိုင်ရာ ပညာပေးရှင်းလင်းပွဲကို မြို့နယ်ခန်းမ၌ ဇွန် ၁၂ ရက်က ကျင်းပသည်။

ကရင်ပြည်နယ် ပြည်တွင်းအခွန်များ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်ဦးက စာရင်းဇယားထားရှိရန် လိုအပ်ပုံ၊ ကြိုတင်ငွေပေးဆောင်ခြင်းဖြင့် ဒဏ်ငွေကင်းလွတ်ပုံ၊ ငွေလုံးငွေရင်း မထိခိုက်ဘဲ သက်သာစွာပေးဆောင်နိုင်ပုံ၊ ဝင်ငွေခွန် ဝင်ငွေကြေညာလွှာ၊ ကုန်သွယ်ခွန်၊ နှစ်ချုပ်ကြေညာလွှာ တင်သွင်းရမည့်ရက်နှင့် တင်သွင်းရသည့်အကြောင်းအရင်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးချစ်သောင်းက လုပ်ငန်းခွန် ဝင်ငွေခွန်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော အခွန်ထမ်းပြည်သူတို့၏ မေးမြန်းချက်များကို ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဂုဏ်ပြုဆုချီးမြှင့်

၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက်အတွင်းမှ ၅၃ ဦး အောင်မြင်ခဲ့ရာ လေးဘာသာနှင့် သုံးဘာသာဂုဏ်ထူးရသူများအား ရပ်မိရပ်ဖ အဖွဲ့ဝင် ဦးကာစိ ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ကြေးမုံ)

ပညာဘဏ်တိုက် စာကြည့်တိုက်

မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်ထံ လက်နက်နှင့် အလင်းဝင်ရောက်သည့်အဖွဲ့မှ တပ်ခွဲမှူး၊ ဗိုလ်ကြီးအဆင့်ရှိ စောလှသန်းက လက်နက်များ လွှဲပြောင်းအပ်နှံစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် ကျိုက်မရောမြို့၌ လက်နက်နှင့် အလင်းဝင်ရောက်သည့် အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂၁

ယခင် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ လက်အောက်ခံတပ်ရင်း (၇၀၉)မှ တပ်ခွဲမှူး ဦးစီးအင်အား ၂၅ ဦး လက်နက်နှင့်အလင်းဝင်ရောက်သည့် အခမ်းအနားကို ဇွန် ၁၃ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့ အမှတ်(၁၅) ရဲတပ်ရင်း ရဲသံလွင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မွန်ပြည်နယ် ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးစောအောင်ကျော်သိန်းက လက်နက်နှင့် အလင်းဝင်ရောက်ခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားသည်။

ဆက်လက်၍ လက်နက်နှင့်အလင်းဝင်ရောက်သည့်အဖွဲ့မှ တပ်ခွဲမှူး ဗိုလ်ကြီးအဆင့်ရှိ စောလှသန်းက လက်နက်များ လွှဲပြောင်းအပ်နှံရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက လက်ခံသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၏ အစီအမံဖြင့် လက်နက်နှင့် အလင်းဝင်ရောက်လာသည့် တပ်ဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၅ သိန်းကို ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်က လည်းကောင်း၊ ဆန် ၂၅ အိတ်နှင့် ကုလားပဲ သုံးအိတ်ကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးက လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ယခုလက်နက်နှင့် အလင်းဝင်ရောက်လာသည့်အဖွဲ့တွင် ယခင် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီ လက်အောက်ခံ တပ်ရင်း(၇၀၉)မှ တပ်ခွဲမှူး နှစ်ဦး၊ ဒုတပ်ခွဲမှူး တစ်ဦး၊ ဒုအရာခံဗိုလ် တစ်ဦးနှင့် တပ်သား ၂၁ ဦး စုစုပေါင်း ၂၅ ဦး ပါဝင်ပြီး ပွိုင့် ၄၅ ပစ္စတို တစ်လက်၊ ၎င်းကျည် ၁၂ တောင့် ကျည်အိမ် တစ်ခု၊ ပွိုင့် ၃၀ ကာဘိုင် တစ်လက်၊ ၎င်းကျည် ၁၁ တောင့် ကျည်အိမ် နှစ်ခု၊ ပွိုင့်-၃၈ ခြောက်လုံးပြူး တစ်လက်၊ ၎င်းကျည် ငါးတောင့်၊ တစ်တောင့်ထိုး ပြောင်းရှည် တစ်လက်နှင့် ပြောင်းတို တစ်လက်၊ ဘီအေ-၉၁ လက်ပစ်ဗုံး သုံးလုံး၊ အမှတ်(၃၆) လက်ပစ်ဗုံး နှစ်လုံး၊ အမ်-၁၆ ကျည်အိမ်အတို နှစ်ခု၊ ၅ ဒသမ ၅၆ ကျည် ၂၁ တောင့်၊ ရိုင်ဖယ်ပစ်ဗုံး ငါးလုံး၊ လမ်းလျှောက်စကားပြောစက် တစ်လုံးတို့နှင့်အတူ အလင်းဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ

ကိုဌေး(ကနောင်)

နှစ်စဉ် ဇွန်လ ၂၃ ရက်နေ့ရောက်တိုင်း အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီး၌ ကျင်းပလျက်ရှိကြပါသည်။ မြန်မာနိုင်ငံတွင် အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ဦးဆောင်မှုနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၊ ပြည်နယ်/တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံအနှံ့ မြို့ကြီးများ၌ ကျင်းပခဲ့ကြပါသည်။

အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ပေါ်ပေါက်လာရခြင်းမှာ(Ancient Olympic Games) ဟုခေါ်တွင်သည့် ခေတ်ဟောင်း အိုလံပစ်အားကစားပြိုင်ပွဲများသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော် ခရစ်တော်မပေါ်မီ (BC-776)ခန့်ကပင် ဂရိနိုင်ငံ အေသင်မြို့အနီးရှိ အိုလံပီယာတောင်ခြေ (Mount Olympia)၌ ကျင်းပခဲ့သော ဂရိလူမျိုးတို့၏ ဘာသာရေးဆိုင်ရာပွဲလမ်းသဘင်များမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ အိုလံပီယာတောင်ခြေ (Mount Olympia)၌ ကျင်းပခဲ့သော အားကစားပြိုင်ပွဲများကို အစွဲပြုကာ အိုလံပစ်အားကစားပြိုင်ပွဲ (Olympic Games) ဟူ၍ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။

ရောမဘုရင်(Alexander the Great)လက်ထက်တွင် အားကစားပြိုင်ပွဲများ၏ အသွင်သဏ္ဍာန်မှာ စီးပွားရေးဆန်လာပြီး အားကစားသမားများ၏ ဆုလာဘ်များအပေါ် မျှော်ကိုးမှုမှာ တစ်စထက်တစ်စ ကြီးထွားခဲ့သဖြင့် အားကစားတန်ဖိုးနှင့် ဘာသာရေးဆိုင်ရာပွဲလမ်းသဘင်များ၏ အရေးပါမှုမှာ မှေးမှိန်ခဲ့ရပါသည်။ AD(393) Theodosius(I) ဘုရင်လက်ထက်တွင် အိုလံပစ်အားကစားပြိုင်ပွဲများကို ရပ်ဆိုင်းပိတ်ပင်ခဲ့ပြီး AD(426) Theodosius(II) ဘုရင်လက်ထက်တွင် အားကစားဆိုင်ရာ အဆောက်အအုံများ အားလုံးကို အမိန့်ထုတ်ပြန်ဖျက်ဆီးခဲ့ရာမှ ခေတ်ဟောင်းအိုလံပစ် အားကစားပြိုင်ပွဲများ ရပ်တန့်သွားခဲ့ရပါသည်။

ခေတ်ဟောင်းအိုလံပစ် အားကစားပြိုင်ပွဲများ ချုပ်ငြိမ်းသွားပြီးနောက် (Modern Olympic Games) ခေတ်သစ်အားကစားပြိုင်ပွဲများ ပေါ်ပေါက်လာရခြင်းမှာ ၁၈၉၄ ခုနှစ် ဇွန်လ ၁၆ ရက်နေ့မှ ၂၃ ရက်နေ့အထိ ပြင်သစ်နိုင်ငံ ပါရီမြို့ ဆော်ဘွန်းတက္ကသိုလ်၌ အပျော်တမ်းဆိုင်ရာ(Amateurism)လေ့လာချက်ကွန်ဂရက်တွင် "On the possibility of restoring the Olympic Games" (အိုလံပစ်အားကစားပြိုင်ပွဲများ ပြန်လည်အသက်ဝင်လှုပ်ရှားကျင်းပနိုင်ရေး အလားအလာများ) ဟူသော ခေါင်းစဉ်တစ်ရပ်ကို ထည့်သွင်းဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ ကွန်ဂရက်ကို ဦးစီးဦးဆောင်ပြုခဲ့သူမှာ ပြင်သစ်လူမျိုး ပီရဲဒီကူဘာတန်(Pierre de Coubertin)ဖြစ်ပါသည်။

အဆိုပါ ကွန်ဂရက်၏ ဆုံးဖြတ်ချက်များအရ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ(IOC)ကို ၁၈၉၄ ခုနှစ် ဇွန် ၂၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ထိုအချိန်မှစတင်၍ နှစ်စဉ်နှစ်တိုင်း ဇွန် ၂၃ ရက်နေ့ ကျရောက်တိုင်း (Olympic Day) အိုလံပစ်နေ့ အားကစားလှုပ်ရှားမှုများကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ပထမအကြိမ် ခေတ်သစ်အိုလံပစ်အားကစားပြိုင်ပွဲ (Modern Olympic Games)ကို ၁၈၉၆ ခုနှစ်တွင် ဂရိနိုင်ငံ အေသင်မြို့၌ စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲများကို လေးနှစ်တစ်ကြိမ် ကျင်းပရာ ၂၀၀၄ ခုနှစ်တွင် ဂရိနိုင်ငံ အေသင်မြို့၌ (၂၈)ကြိမ်မြောက် အိုလံပစ်အားကစားပြိုင်ပွဲကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ (၂၉)ကြိမ်မြောက်ပြိုင်ပွဲကို လည်းကောင်း ကျင်းပခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ အကြိမ်(၃၀)မြောက်ပြိုင်ပွဲကို ကျင်းပသွားရန် သတ်မှတ်ထားရှိပြီး ဖြစ်ပါသည်။

ယခုအချိန်ထိ ဖွဲ့စည်းပြီးသည့် အသိအမှတ်ပြုပြီး အမျိုးသားအိုလံပစ်ကော်မတီ(National Olympic Committee) စုစုပေါင်း ၂၀၉ ခုရှိပြီး IOC အသိအမှတ်ပြု အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့ချုပ် (International Sports Federation) စုစုပေါင်း ၆၇ ခုရှိပါသည်။ အိုလံပစ်ပဋိညာဉ်ဥပဒေအရ နိုင်ငံတစ်နိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာအားကစားအဖွဲ့ချုပ်များ၏ အသိအမှတ်ပြု အားကစားနည်း အနည်းဆုံး ငါးမျိုးရှိမှသာလျှင် အမျိုးသားအိုလံပစ်ကော်မတီကို ဖွဲ့စည်းခွင့်ရှိကြောင်း သိရှိရပါသည်။

အိုလံပစ်အားကစားပြိုင်ပွဲကို ၁၈၉၆ ခုနှစ်မှစ၍ ၁၉၉၂ ခုနှစ် စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အိုလံပစ်အားကစားပြိုင်ပွဲအထိ နွေရာသီ အိုလံပစ်အားကစားပြိုင်ပွဲနှင့် ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲများကို တစ်နှစ်တည်းအတွင်း တစ်နိုင်ငံတည်း၌သာ ကျင်းပခဲ့ကြသော်လည်း တစ်နှစ်အတွင်း အိုလံပစ်အားကစားပြိုင်ပွဲကြီး နှစ်မျိုးကို ကျင်းပခြင်းဖြင့် လုပ်ငန်းတာဝန်များ များပြားလွန်းသည့်အတွက် နွေရာသီ အိုလံပစ်အားကစားပြိုင်ပွဲနှင့် ဆောင်းရာသီ အိုလံပစ် အားကစားပြိုင်ပွဲတို့ကို နှစ်နှစ်တစ်ကြိမ်သာ ခွဲခြားကျင်းပရန် စီစဉ်သတ်မှတ်ခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ၁၉၉၄ ခုနှစ် အမေရိကန်နိုင်ငံ Lille Hammer(လိုင်လီဟမ်းမားမြို့)၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲမှ စတင်၍ နှစ်နှစ်တစ်ကြိမ် ကျင်းပလာခဲ့ပြီး (၂၆)ကြိမ်မြောက် နွေရာသီ အိုလံပစ်အားကစားပြိုင်ပွဲကို အမေရိကန်နိုင်ငံ အတ္တလန်တာမြို့၌ ဆက်လက်ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

နွေရာသီအိုလံပစ်အားကစားပြိုင်ပွဲကို အားကစားနည်း ၂၈ မျိုးဖြင့်လည်းကောင်း၊ ဆောင်းရာသီ အိုလံပစ် အားကစားပြိုင်ပွဲကို အားကစားနည်း ခုနစ်မျိုးဖြင့်လည်းကောင်း ကျင်းပပြီး ဆောင်းရာသီ အားကစားနည်း ခုနစ်မျိုးတွင် ရေခဲပြင်ဟော်ကီပြိုင်ပွဲ၊ ရေခဲပြင် ကာလင်းပြိုင်ပွဲ၊ ရေခဲပြင်စကိတ်စီးပြိုင်ပွဲ၊ ရေခဲပြင်နှင်းလျှောစီးပြိုင်ပွဲစသည့် အားကစားနည်းများပါဝင်ပြီး နှင်းနှင့် ရေခဲရှိသည့် နိုင်ငံများ၌သာ ကျင်းပနိုင်ကြောင်း သိရှိရပါသည်။

အိုလံပစ်လှုပ်ရှားမှု (Olympic Movement) တစ်နည်းအားဖြင့် အိုလံပစ် အားကစားပြိုင်ပွဲများဆိုသည်မှာ ကူဘာတန်၏ အမြင်ရှုထောင့်အရ ကစားခုန်စားသဘောသက်သက်မဟုတ်ဘဲ အားကစားလှုပ်ရှားမှုများမှတစ်ဆင့် လူသားတို့၏ဖွံ့ဖြိုးတိုးတက်မှုနှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတို့ကို ဖွံ့ဖြိုးတိုးတက်စေသော ကျယ်ပြန့်သည့်လူမှုလှုပ်ရှားမှုကြီး ဖြစ်ပါသည်။

အိုလံပစ်လှုပ်ရှားမှုသည် အမျိုးသားအိုလံပစ်ကော်မတီများ၊ အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များ၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီနှင့် အိုလံပစ် အားကစားပြိုင်ပွဲများ၊ အိုလံပစ်အတွေးအခေါ်များကို မြှင့်တင်လိုသော အလားတူအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိလာသော ရလဒ်တစ်ခုဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၏ အခြေခံမူများ(Fundamental Principles of the IOC)မှာ **"မည်သည့်ဖိနှိပ်ချုပ်ချယ်မှုမျိုးမှ ပါဝင်ခြင်းမရှိစေဘဲ ချစ်ကြည်ရင်းနှီးမှု၊ သွေးစည်းညီညွတ်မှုနှင့် သန့်ရှင်းစွာယှဉ်ပြိုင်ကစားမှု စသည့် အချင်းချင်း နားလည်သဘောပေါက်မှုများနှင့် ပေါင်းစပ်ထားသော အိုလံပစ်စိတ်ဓာတ်ကိုအခြေခံလျက် လူငယ်တို့ကိုပညာပေးထိန်းကျောင်းလျက် ငြိမ်းချမ်းသာယာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်သော ကမ္ဘာကြီး တည်ဆောက်သွားရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်"** ဟူသော သတ်မှတ်ထားသည့် အခြေခံမူများအတိုင်း အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများအား ကျင်းပသွားကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

ပြည်တွင်းပြည်ပအားကစားသတင်းများ

ပြည်တွင်းပြည်ပအားကစားသတင်းများ

ပြည်တွင်းပြည်ပအားကစားသတင်းများ

ဖီဖာဒုတိယဥက္ကဋ္ဌ ဂျက်ဝါနာ ဘောလုံးလောကမှနုတ်ထွက်

ဇူးရစ် ဇွန် ၂၁

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဂျက်ဝါနာသည် အပြည်ပြည်ဆိုင်ရာ ဘောလုံးလောကမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ဖီဖာက တနင်္လာနေ့တွင် တရားဝင်ထုတ်ပြန်ကြေညာသည်။

ဖီဖာ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဂျက်ဝါနာ **(ယာပုံ)**သည် ကာရစ်ဘီယံဒေသ၊ အမေရိကန်မြောက်ပိုင်းနှင့် အလယ်ပိုင်း ကွန်ကာကပ်ဖ်ဒေသ ဘောလုံးအဖွဲ့ချုပ်များ၏ ဥက္ကဋ္ဌတစ်ဦးလည်း ဖြစ်သည်။ ၎င်းသည် အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ မိုဟာမက်ဘင်ဟာမန်းနှင့် ဖီဖာဥက္ကဋ္ဌရာထူးအတွက် မဲဆွယ်ရာတွင် လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခဲ့သည်ဟု စွပ်စွဲခံရကာ ဖီဖာဥက္ကဋ္ဌ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ရပ်ဆိုင်းခံခဲ့ရသည်။

အသက်(၆၈)နှစ်ရှိ ဂျက်ဝါနာသည် ဂျမေကာနိုင်ငံသားဖြစ်သည်။ ၎င်းသည် အပြည်ပြည်ဆိုင်ရာ ဘောလုံးအဖွဲ့အစည်းများမှ နုတ်ထွက်ကြောင်းကို ဖီဖာသို့တင်ပြခဲ့ရာ ဖီဖာက တနင်္လာနေ့တွင် အတည်ပြု၍ ထပ်မံထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ***The Sun***။

ချယ်လ်ဆီးသို့ ရောက်တော့မည်ဟု သတင်းများထွက်ပေါ်နေသည့် အန်ဒရီဗီးလက်စ်-ဘို့စ်။

ဟန်သစ်

မော်ရင်ဟိုလက်သစ် အန်ဒရီဗီးလက်စ်-ဘို့စ် ချယ်လ်ဆီးသို့ ရောက်ဖွယ်ရှိ

လန်ဒန် ဇွန် ၂၁

လက်ရှိ ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဟိုဆေးမော်ရင်ဟို၏ ခြေရာကို နင်းမည့်သူဟု ဂုဏ်သတင်းကျော်စောနေသည့် ပေါ်တိုနည်းပြအန်ဒရီဗီးလက်စ်-ဘို့စ်သည် ချယ်လ်ဆီးအသင်း၏ နည်းပြဖြစ်လာတော့မည်ဟု သတင်းများတွင် ဖော်ပြထားသည်။

အန်ဒရီဗီးလက်စ်-ဘို့စ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ပေါ်တိုအသင်းကို အမှတ်ပေးချန်ပီယံ၊ ဗူးပါဖလားနှင့် ယူရိုပါလိဂ်ဖလားတို့ကို ရယူနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ယခုအချိန်တွင် ၎င်း၏အသက်မှာ (၃၃)နှစ်သာရှိသေး၍ ချယ်လ်ဆီးကစားသမားများဖြစ်သည့် လမ်းပတ်၊ ဒရော့ဘာတို့နှင့် သက်တူရွယ်တူပင်ဖြစ်သည်။ ချယ်လ်ဆီးအသင်းက ၎င်းကို ပေါင် ၁၃ ဒသမ ၂၅ သန်းလျော်ကြေးပေး၍ ခေါ်ယူမည်ဟု သိရသည်။ ယင်းမှာ ဘောလုံးလောက၏ နည်းပြခေါ်ယူမှုတွင် ကမ္ဘာ့စံချိန်တင်လျော်ကြေးပင် ဖြစ်သည်။

ထို့ပြင် ချယ်လ်ဆီးအသင်းသည် ကိုလံဘီယာနိုင်ငံသားဖြစ်သည့် ပေါ်တို တိုက်စစ်မှူး ဖယ်ကာအိုကို ပေါင် ၂၆ ဒသမ ၅ သန်းပေး၍ ခေါ်ယူရန် စီစဉ်လျက်ရှိသည်ဟုဆိုသည်။ ဖယ်ကာအိုသည် ၂၀၀၉ ခုနှစ်က ပေါ်တိုသို့ရောက်ရှိလာပြီး ပွဲ ၅၀ ကစားရာတွင် ၄၁ ဂိုးအထိ သွင်းပေးထားသည့် တိုက်စစ်မှူးကောင်းတစ်ဦး ဖြစ်သည်။ ဖယ်ကာအိုက မိမိ၏ဆရာမှာ ချယ်လ်ဆီးနည်းပြဖြစ်လာတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အကယ်၍အန်ဒရီဗီးလက်စ်-ဘို့စ်သည်သာ ချယ်လ်ဆီးနည်းပြ ဖြစ်လာပါက ဖယ်ကာအိုမှာလည်း စတမ်းဖို့ဒ်ဘရက်ချ်၏ ခြသေ့်ပြာတစ်ကောင် ဖြစ်လာပေဦးတော့မည်ဖြစ်သည်။ ***The Sun***။

နိုင်ငံပိုင် အားကစားကွင်းငါးကွင်း ဘောလုံးကလပ်များသို့ငှားရမ်း

နေပြည်တော် ဇွန် ၂၁

မြန်မာ့ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေရန် နိုင်ငံပိုင် အားကစားကွင်းငါးကွင်းကို ဘောလုံးကလပ်များသို့ ငှားရမ်းရေးစာချုပ် လက်မှတ်ရေးထိုးမှု အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ကိုယ်စား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဘောလုံးကွင်းများ ငှားရမ်းခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး ကိုယ်စားလှယ်က စာချုပ်စာတမ်းဆိုင်ရာ ဥပဒေကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဘောလုံးကွင်းများ လွှဲပြောင်းရယူရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဘောလုံးကလပ်များအလိုက် ငှားရမ်းစာချုပ်များကို လက်မှတ်ရေးထိုးကြသည်။

ယနေ့ ငှားရမ်းခဲ့သော အားကစားကွင်းများမှာမကွေးမြို့ တိုင်းဒေသကြီး အားကစားကွင်းကို Magway F. C သို့ လည်းကောင်း၊ မြစ်ကြီးနားမြို့ ခရိုင်အားကစားကွင်းကို Manawmyay F.C သို့ လည်းကောင်း၊ ဘားအံမြို့ အောင်သံလွင်အားကစားကွင်းကို Zwekapin F. Cသို့ လည်းကောင်း၊ နေပြည်တော် ပျဉ်းမနားမြို့နယ် ပေါင်းလောင်း အားကစားကွင်းကို Naypyitaw F. C သို့ လည်းကောင်း၊ စစ်တွေမြို့ ဝေသာလီရင်ပြင် အားကစားကွင်းကို Rakhapura F. C သို့လည်းကောင်း B. O. T စနစ်ဖြင့် ငှားရမ်းခြင်းဖြစ်သည်။ (သတင်းစဉ်)

ကာယဗလ၊ ကာယအလှပြိုင်ပွဲနှင့် ဂီတပဒေသာကပွဲ လှိုင်ကော်တက္ကသိုလ်၌ ကျင်းပ

နေပြည်တော် ဇွန် ၂၁

ကာယဗလ၊ကာယအလှပြိုင်ပွဲနှင့် ဂီတပဒေသာ ကပွဲကို ဇွန် ၁၈ရက် မွန်းလွဲပိုင်းတွင် လှိုင်ကော်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး လှိုင်ကော်တက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဌေးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် အဆို၊ အက ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ပြီး ကာယဗလပြိုင်ပွဲနှင့် မြန်မာစာအထူးပြု ကျောင်းသား၊ ကျောင်းသူများ၏ ခေတ်အလိုက် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတို့၏ ဝတ်စားဆင်ယင်မှုသရုပ်ပြသခြင်း၊ သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ၏ ရန်ကုန်သားနှင့် မန္တလေးသူ တေးသရုပ်ဖော်၊ သင်္ချာအထူးပြု ကျောင်းသား၊ ကျောင်းသူများ၏ ကယားတိုင်းရင်းသားတို့၏ ခုနစ်စဉ်ကြယ် အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ကာယအလှမယ်များက တစ်ဦးချင်းပြကွက် ခုနစ်မျိုးဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်နှင့် ကာယအလှမယ်ဆပ်ကော်မတီကြီးမှူး၏ ၂၀၁၁ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ် လူရွေးပြိုင်ပွဲတွင် အငယ်တန်း လူသစ်တန်းပြိုင်ပွဲ၌ ပထမဆုရရှိသော မသက်ထားဇင်(ပန်းဘဲတန်းမြို့နယ်) အား ဆုရရှိပြီး တွေ့ရစဉ်။
(ကာယဗလမောင်နှင့် ကာယအလှမယ်အဖွဲ့ချုပ်)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

တိုင်းဒေသကြီး/ပြည်နယ် ရသုံးခန့်မှန်းခြေငွေစာရင်းများကို ရေးဆွဲနိုင်ရေး စတင်ရန်လိုအပ်ပြီ မိမိတို့ဒေသအခြေအနေများမှ သိရှိထားချက်များအရ စနစ်ကျနသော ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲ တိုင်းဒေသကြီး/ပြည်နယ် အရအသုံး ငွေစာရင်းများ လိုငွေလျော့ချရေးဆွဲနိုင်ရန် သေချာစွာပြန်လည်လေ့လာ

နေပြည်တော် ဇွန် ၂၁

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာ၌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(အပေါ်ပုံ) (သတင်းစဉ်)